## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၃၁ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | မစ္စတာ ရာဆုအို ဆုဆုအိ (Mr. Yasuo Tsutsui)<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Yangon Amata Smart & Eco City Limited<br>အမှတ် (၇၀၈)၊ (၇) လွှာ၊ လှည်းတန်းစင်တာ၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | Yangon Amata Smart & Eco City စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - | ဧက ၂,၀၀၀ ခန့် (၈၀၉ ဟက်တာ) |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လေးထောင့်ကန်ကျေးရွာအနီး၊ အမှတ် (၂) လမ်းမကြီးတစ်လျှောက်နှင့် အမှတ် (၇) လမ်းမကြီး အနီး |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၄-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၃-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | Yangon Amata Smart and Eco City Limited မှ ၂၄-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ YAMATA 032/2024 ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ"** |

၁၀.၃.၂၀၂၅



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Yangon Amata Smart & Eco City Limited (Yangon AMATA) မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Yangon Amata Smart & Eco City စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Yangon Amata Smart & Eco City Limited (Yangon AMATA) မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် Yangon Amata Smart & Eco City စီမံကိန်းအတွက် Yangon Amata Smart and Eco City Limited ၏ ၂၄-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ YAMATA 032/2024 ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** မစ္စတာ ရာဆုအို ဆုဆုအိ (Mr. Yasuo Tsutsui)၊ Managing Director၊ Yangon Amata Smart & Eco City Limited၊ အမှတ် (၇၀၈)၊ (၇) လွှာ၊ လှည်းတန်းစင်တာ၊ ပြည်လမ်းနှင့်လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် (၂,၀၀၀) ကေခန့် ကျယ်ဝန်း၍ ၎င်းတွင် စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ၁,၅၀၀ ကေ (၆၀၇ ဟက်တာ)နှင့် အထွေထွေအသုံးပြုမှုများအတွက် ၅၀၀ ကေ (၂၀၂ ဟက်တာ) ပါဝင်ပြီး အပိုင်း (၅) ပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၀ ကေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအဆင့် တစ်ခုချင်းစီအလိုက် လုပ်ငန်းပြီးမြောက်သည့်အခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွင်းတွင် (၁၀၀) မီတာကျယ်သော အဓိကလမ်းမကြီးများ၊ (၈၀) မီတာကျယ်သော အတွင်း လမ်းမများနှင့် (၄၀) မီတာကျယ်သော ဆက်သွယ်သည့်လမ်းများကို သံကူကွန်ကရစ် ဖြင့် အထူ (၂၅) စင်တီမီတာခင်း၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း ဧရိယာအတွင်း ရေလွှမ်းမိုးမှု ကာကွယ်ရန် ပင်လယ်ရေမျက်နှာပြင်အထက် + ၅.၈၀ မီတာ အမြင့်ရှိသော တာတမံတစ်ခုကို စီမံကိန်းနယ်နိမိတ်တစ်လျှောက်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလအတွင်း အသုံးပြုမည့် မြေပေါ်ရေကို ငမိုးရိပ်ချောင်းမှ ရယူသုံးစွဲရန် စီစဉ်ထားပြီး၊ စီမံကိန်းနှင့် စီမံကိန်းအနီးဝန်းကျင်ရှိ ရေအသုံးပြုနေသော ဒေသခံများနှင့် ပဋိပက္ခမဖြစ်စေရန် ငမိုးရိပ်ချောင်းမှ ရေထုတ်ယူသုံးစွဲချိန်ကို မိုးရာသီအတွင်းသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ငမိုးရိပ်ချောင်းမှ မိုးရာသီအတွင်း ပိုလျှံသောရေ (သို့မဟုတ်) မိုးရေကို ခြောက်သွေ့သောရာသီတွင် အသုံးပြုနိုင်ရန်အတွက် သိုလှောင်သိမ်းဆည်းထားနိုင်ရန် ရေလှောင်ကန်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အခြေခံအဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ အတွက် ခန့်မှန်းတွက်ချက်ထားသော အသုံးပြုကုန်ကြမ်းပစ္စည်းများကို အောက်ပါအတိုင်း ဖော်ပြထားသည်-

(က) ရေထိန်းတမံ တည်ဆောက်ခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများအတွက် မြေသားနှင့် သဲ စုစုပေါင်းပမာဏ (၇,၅၀၀,၀၀၀) ကုဗမီတာခန့် လိုအပ်မည်ဖြစ်ပြီး လိုအပ်သော မြေသားအများစုကို စီမံကိန်းဧရိယာအတွင်းတွင် လုပ်ငန်းသုံးစွဲရန်အတွက် (၉၀) ဧက ကျယ်ဝန်းသော ရေလှောင်ကန်တူးဖော်ရာမှ ထွက်ရှိသောမြေသားများကို အသုံးပြုသွားမည် ဖြစ်ကြောင်း၊


(ခ) အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းလိုအပ်သော ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများမှာ ဘိလပ်မြေ (၁၁၂,၄၁၃) တန်၊ ကျောက် (၅၅၂,၅၁၈) တန်၊ သဲ (၃၆၁,၃၇၈) တန်နှင့် သံ/သံမဏိ (၆,၇၆၆) တန်ဖြစ်ကြောင်း၊

(ဂ) လုပ်သားအင်အားခန့်အပ်မှု လျာထားချက်အနေဖြင့် တည်ဆောက်ရေးကာလတွင် နိုင်ငံခြားသား (၁၅) ဦး၊ ပြည်တွင်းလုပ်သား (၅၂၄) ဦး၊ စုစုပေါင်း (၅၃၉) ဦးခန့် လိုအပ်မည်ဖြစ်ပြီး၊ လုပ်ငန်းလည်ပတ်သည့်ကာလတွင် နိုင်ငံခြားသား (၉၀၀) ဦး၊ ပြည်တွင်းလုပ်သား (၃၂,၀၁၀) ဦး၊ စုစုပေါင်း (၃၂,၉၁၀) ဦးခန့်ကို ခန့်အပ်သွားမည်ဖြစ်ကြောင်း၊

(ဃ) စီမံကိန်းဧရိယာအတွင်းရှိ စက်မှုလုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများနှင့် လူနေထိုင်ရာဧရိယာ စသည်တို့အတွက် ခန့်မှန်းရေလိုအပ်ချက် ပမာဏမှာ တစ်ရက်လျှင် (၃၅,၀၀၀) ကုဗမီတာဖြစ်ပြီး၊ ခန့်မှန်း လျှပ်စစ်ဓါတ်အား လိုအပ်ချက် ပမာဏမှာ တစ်ရက်လျှင် (၅၀ မှ ၆၀) မဂ္ဂါဝပ် ဖြစ်ကြောင်း။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လေးထောင့်ကန်ကျေးရွာအနီး (အမှတ် (၂) လမ်းမကြီးတစ်လျှောက်နှင့် အမှတ် (၇) လမ်းမကြီးအနီး) တွင် တည်ရှိပါသည်။

## ရန်ကုန်မြို့ဧရိယာအတွင်းရှိစီမံကိန်းတည်နေရာ




# စီမံကိန်းဖော်ပြချက် Aerial Map




| Point No | Lattitude | Longitude |
|---|---|---|
| 1 | 16.99723 | 96.327246 |
| 2 | 17.00124 | 96.322963 |
| 3 | 17.00764 | 96.310446 |
| 4 | 17.00738 | 96.287352 |
| 5 | 17.01072 | 96.285284 |
| 6 | 17.00738 | 96.279907 |
| 7 | 17.00538 | 96.278811 |
| 8 | 17.00528 | 96.273564 |
| 9 | 17.00778 | 96.271138 |
| 10 | 17.00536 | 96.267399 |
| 11 | 16.9899 | 96.274201 |
| 12 | 16.99552 | 96.288624 |
| 13 | 16.98975 | 96.2914 |
| 14 | 16.99132 | 96.795434 |
| 15 | 16.9915 | 96.300523 |
| 16 | 16.99767 | 96.300671 |
| 17 | 16.99726 | 96.315183 |
| 18 | 16.99267 | 96.322454 |



# စီမံကိန်းဧရိယာ၏ မြေအသုံးချမှုနှင့်အကွက်ချမှုပြပုံ



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Yangon Amata Smart & Eco City Limited (Yangon AMATA) မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် Yangon Amata Smart & Eco City စီမံကိန်းအတွက် Yangon Amata Smart and Eco City Limited ၏ ၂၄-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ YAMATA 032/2024 ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါ ကတိကဝတ်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် (၂,၀၀၀) ကေခန့်ကျယ်ဝန်းပြီး စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် (၁,၅၀၀) ကေ (၆၀၇ ဟက်တာ) နှင့်အထွေထွေ အသုံးပြုမှုများအတွက် (၅၀၀) ကေ (၂၀၂ ဟက်တာ) ပါဝင်ပြီး အပိုင်း (၅) ပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် (၂၀၀) ကေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအဆင့် တစ်ခုချင်းစီအလိုက် လုပ်ငန်းပြီးမြောက်သည့် အခြေအနေပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွင်းတွင် (၁၀၀) မီတာကျယ်သော အဓိကလမ်းမကြီးများ၊ (၈၀) မီတာကျယ်သော အတွင်းလမ်းမများနှင့် (၄၀) မီတာကျယ်သော ဆက်သွယ်သည့်လမ်းများကို သံကူကွန်ကရစ်ဖြင့် အထူ (၂၅) စင်တီမီတာ ခင်း၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်း ရေလွှမ်းမိုးမှု ကာကွယ်ရန် ပင်လယ်ရေမျက်နှာပြင်အထက် +၅.၈၀ မီတာ အမြင့်ရှိသော တာတမံတစ်ခုကို စီမံကိန်း နယ်နိမိတ်တစ်လျှောက်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလအတွင်း အသုံးပြုမည့် မြေပေါ်ရေကို ငမိုးရိပ်ချောင်းမှ ရယူသုံးစွဲရန် စီစဉ်ထားပြီး၊ စီမံကိန်းနှင့် စီမံကိန်းအနီး ဝန်းကျင်ရှိ ရေအသုံးပြုနေသော ဒေသခံများနှင့် ပဋိပက္ခမဖြစ်စေရန် ငမိုးရိပ်ချောင်းမှ ရေထုတ်ယူ

သုံးစွဲချိန်ကို မိုးရာသီအတွင်းသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ငမိုးရိပ်ချောင်းမှ မိုးရာသီအတွင်း ပိုလျှံသောရေ (သို့မဟုတ်) မိုးရေကို ခြောက်သွေ့သောရာသီတွင် အသုံးပြုနိုင်ရန်အတွက် သိုလှောင်သိမ်းဆည်းထားနိုင်ရန် ရေလှောင်ကန်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်များ လေထဲသို့ ပျံ့လွင့်မှုအား ကာကွယ်ရန်အတွက် ပုံမှန်ရေဖျန်းခြင်း ပြုလုပ်ရန်နှင့် လေပြင်းတိုက်သောနေ့များတွင် ရေဖျန်းမှုအကြိမ်ရေကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၂) လေထုညစ်ညမ်းမှုကို လျှော့ချရန် မော်တော်ယာဉ်သွားလာမှုများကို အချိန်ဇယားသတ်မှတ်မောင်းနှင်ရန်၊

(၃) ဖုန်မှုန့်ပျံ့လွင့်မှု ထိန်းချုပ်ရန်အတွက် စီမံကိန်းနေရာတစ်ဝိုက်တွင် လုံလောက်သောအမြင့် (၃ မီတာ) ရှိသော သွပ်ပြားများကို ယာယီအတားအဆီးအဖြစ် စိုက်ထူရန်၊

(၄) စီမံကိန်းဧရိယာ၏ နယ်နိမိတ်အနီးတစ်ဝိုက်တွင် အပင်များကိုစိုက်ပျိုးရန်၊

(၅) ကုန်ကြမ်းသယ်ဆောင်သည့် ယာဉ်အားလုံးကို တာပေါလင်/ပလပ်စတစ်များဖြင့် ဖုံးအုပ်ထားရန်နှင့် လေပြင်းတိုက်သည့်အချိန်အတွင်း ကုန်အတင်အချလုပ်ငန်းများကို ရပ်တန့်ထားရန်။

(ဃ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုကို လျှော့ချရန် မော်တော်ယာဉ်သွားလာမှုများကို အချိန်ဇယားသတ်မှတ်မောင်းနှင်ရန်၊

(၂) ယာဉ်များအားလုံးတွင် CNG ဓာတ်ငွေ့ကို အသုံးပြုပြီး လေထုညစ်ညမ်းမှု လျှော့ချရန်၊

(၃) လေထုညစ်ညမ်းမှုလျှော့ချနိုင်ရန်အတွက် ယာဉ်နှင့် စက်ပစ္စည်းများအားလုံးကို ပုံမှန်စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းများကို ခြောက်သွေ့ရာသီအတွင်း အတတ်နိုင်ဆုံးဆောင်ရွက်ရန်၊

(၂) မိုးရေစီးဆင်းရန်အတွက် အနည်ထိုင်ကန်နှင့် မြေသားမြောင်းများ တူးဖော်ပေးရန်၊

(၃) ဆောက်လုပ်ရေးပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများကို ဖုံးအုပ်ထားရန်၊

(၄) အလုပ်သမားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ယာယီမိလ္လာကန်များ တည်ဆောက်ထားရန်၊

(၅) ဆီသိုလှောင်သည့်နေရာများကို ကွန်ကရစ်ကြမ်းခင်းရန်နှင့် ၎င်းကွန်ကရစ်များ ပတ်လည်တွင် ရေနုတ်မြောင်းများထားရှိရန်၊

(၆) အသုံးပြုပြီးသော ဆီများကို စနစ်တကျစုဆောင်းပြီး သီးသန့်နေရာ၌ ယာယီသိုလှောင်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိသည့် မည်သည့်ရေကိုမဆို ရေမြောင်းသို့ မစွန့်ပစ်မီ ဆီနှင့် အဆီများ စစ်ထုတ်ခြင်းကို ဆောင်ရွက်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် မည်သည့်ရေကိုမဆို ရေမြောင်းသို့ မစွန့်ပစ်မီ ဆီနှင့် အဆီများ စစ်ထုတ်ခြင်းကို ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအတွင်းရှိ မြေလွတ်များတွင် တတ်နိုင်သမျှ မြက်နှင့်သစ်ပင်များ စိုက်ပျိုးထားရန်၊

(၃) စီမံကိန်းနေရာအတွင်း စွန့်ပစ်ပစ္စည်းများ ယိုဖိတ်ခြင်း၊ ပြန့်ကျဲနေခြင်းမှ ကာကွယ်ရန်နှင့် စနစ်တကျဖုံးအုပ်ထားရန်၊

(၄) ပစ္စည်းများ သယ်ယူပို့ဆောင်စဉ်အတွင်း ယိုဖိတ်မှု အနည်းဆုံးဖြစ်စေရန်အတွက် လုံလောက်သော အစီအမံများနှင့် ထိန်းချုပ်မှုများ လုပ်ဆောင်ရန်၊

(၅) စွန့်ပစ်ပစ္စည်းများ၊ လောင်စာဆီနှင့် အမှိုက်များ ယိုဖိတ်မှုနှင့် ယိုစိမ့်မှုတို့ကို သိရှိနိုင်စေရန်အတွက် ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရန်၊

(၆) စွန့်ပစ်ရေများကို စုဆောင်းထားပြီး ဗဟိုရေဆိုးသန့်စင်စက်ရုံတွင် စနစ်တကျ သန့်စင်သွားရန်၊

(၇) ဗဟိုရေဆိုးသန့်စင်စက်ရုံတွင် ရုတ်တရက် လည်ပတ်မှုရပ်တန့်ခြင်း သို့မဟုတ် မတော်တဆဖြစ်ပွားမှုအား ကာကွယ်ရန်အတွက် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်များ ထားရှိရန်၊

(၈) သန့်စင်ထားသော စွန့်ပစ်ရေအရည်အသွေးသည် NEQEG စံတန်ဖိုးများနှင့် ကိုက်ညီသော်လည်း စွန့်ပစ်မည့် မြစ်ချောင်းများအတွင်း ရေစီးဆင်းမှုပမာဏ နည်းပါက ပတ်ဝန်းကျင်သို့ ထိခိုက်နိုင်ချေရှိသဖြင့် စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော စံတန်ဖိုးများကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကြိုတင်

သန့်စင်ခြင်းစနစ်များအတွက် ပိုမိုတင်းကျပ်သော စံနှုန်းများကို သတ်မှတ်ပေးရန်။

(ဆ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆီသိုလှောင်သည့်နေရာကို ကွန်ကရစ်ခင်းရန်နှင့် မတော်တဆယိုဖိတ်မှုအတွက် စုဆောင်းကန် ထားရှိရန်၊

(၂) ဆီနှင့် ချောဆီများ ပါဝင်နေသော စွန့်ပစ်ပစ္စည်းများကို တံဆိပ်ကပ်ထားသော ကွန်တိန်နာများတွင် စုဆောင်းထားပြီး စနစ်တကျစွန့်ပစ်ရန်၊

(၃) ဆီဟောင်းများကို တရားဝင်ခွင့်ပြုထားသော စွန့်ပစ်ဆီပြန်လည်အသုံးပြုသူများထံ စနစ်တကျ ရောင်းချရန်၊

(၄) အန္တရာယ်ရှိသောပစ္စည်းများ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများကို စနစ်တကျကိုင်တွယ်၊ သယ်ယူ၊ သိမ်းဆည်းရန်အတွက် အလုပ်သမားများအား အသိပညာပေးခြင်းကို ဆောင်ရွက်ရန်၊

(၅) လောင်စာဆီ၊ ကုန်ကြမ်းနှင့် ဓာတုပစ္စည်းများ မတော်တဆယိုဖိတ်မှု သို့မဟုတ် ယိုစိမ့်မှု ဖြစ်ပါက သက်ရောက်မှုလျှော့ချနိုင်ရန် အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များ (Emergency Response Plan) ပြင်ဆင်ထားရန်၊

(၆) စည်းမျဉ်းစည်းကမ်းတစ်ခုအနေဖြင့် အရေးပေါ်တုံ့ပြန်ရေးသင်တန်းကို အချိန်အခါအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဇ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်းများနှင့် ယန္တရားများတွင် အသံကာနှင့် အသံစုပ်ယူပစ္စည်းများ တပ်ဆင်ရန်၊

(၂) အသံဆူညံသော အင်ဂျင်များနှင့် ဂျင်နရေတာများကို အသံကာနံရံများဖြင့် ကာရံထားရန်၊

(၃) အလုပ်သမားများအား တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များဖြစ်သည့် Earplugs နှင့် Earmuffs စသည်တို့ကို အလုံအလောက် ထောက်ပံ့ပေးရန်၊

(၄) ဆူညံသံထွက်ရှိမှု လျှော့နည်းစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များနှင့် စက်ကိရိယာများ ပုံမှန်စစ်ဆေးပြုပြင်ရန်၊

(၅) ဆောက်လုပ်ရေးစက်ပစ္စည်းများအား အလွန်အကျွံအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်၊

(၆) ယာဉ်မောင်းများနှင့် စက်ပစ္စည်းအသုံးပြုသူများအား ဆူညံသံ လျှော့ချနိုင်သည့် နည်းလမ်းများကို သင်တန်းပေးရန်နှင့် စီမံကိန်းအတွင်း ယာဉ်များကို အရှိန်ကန့်သတ်၍ မောင်းနှင်ရန်၊

(၇) စီမံကိန်းနှင့် ဒေသခံနေထိုင်သူများကြား လုံလောက်သော ကြားခံနယ် ထားရှိရန်၊

(၈) ဆူညံသံထွက်ရှိမှုများသော တည်ဆောက်ရေးလုပ်ငန်းများကို နေ့အချိန်တွင်သာ ဆောင်ရွက်ရန်နှင့် မလိုအပ်ပဲ ညအချိန်တွင် တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းကို ရှောင်ရှားရန်။

(ဈ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွက် အသုံးပြုသော ဆူညံသံထွက်ရှိသည့် စက်ပစ္စည်းများအတွက် အသံကာ၊ အသံစုပ်ယူပစ္စည်းများ တပ်ဆင်ရန်နှင့် လုံလောက်သော ကြားခံနယ် ထားရှိရန်၊

(၂) ရေပေးဝေရေးလုပ်ငန်းအတွက် (ဆူညံသံနည်းသော) အရည်အသွေးမြင့် ရေစုပ်စက်များ တပ်ဆင်ရန်၊

(၃) စက်ပစ္စည်းကိရိယာများတွင် တုန်ခါမှုထိန်းချုပ်ရေးကိရိယာများ ထည့်သွင်း တပ်ဆင်ရန်၊

(၄) တိုင်ကြားမှုရှိပါက မှတ်တမ်းတင်၍ သင့်လျော်သော အရေးယူဆောင်ရွက်မှု ပြုလုပ်ရန်။

(ည) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကန်ထရိုက်တာများသည် မြန်မာနိုင်ငံမှ ထုတ်ပြန်ထားသော သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် အဖွဲ့အစည်းမှ သတ်မှတ်ထားသော စည်းမျဉ်းများနှင့်လုပ်ငန်း ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအဖြစ် ခွဲခြားပြီး သီးခြားသတ်မှတ်ထားသော နေရာများရှိ သီးခြားအမှိုက်ပုံးများတွင် စုဆောင်းရန်၊

(၃) ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှ ပြန်လည်အသုံးပြုရန် သို့မဟုတ် စွန့်ပစ်နေရာသို့ အမြန်ဆုံး ပို့ဆောင်ရန်၊

(၄) ဆောက်လုပ်ရေးသုံးစွန့်ပစ်ပစ္စည်းများကို ပုံမှန်သိမ်းဆည်းရန်နှင့် တတ်နိုင်သမျှ ပြန်လည်အသုံးပြုရန်၊

(၅) စွန့်ပစ်ပစ္စည်းသိမ်းဆည်းခြင်းနှင့်နောက်ဆုံးစွန့်ပစ်ခြင်းမပြုမီ ယာယီသိမ်းဆည်းရန် သင့်လျော်သော ကွန်တိန်နာများအား စီစဉ်ပေးရန်၊

(၆) အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကုမ္ပဏီမှ နေ့စဉ် သို့မဟုတ် အပတ်စဉ် သိမ်းဆည်းခြင်းများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(၇) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို သီးခြားခွဲ၍ အဖုံးအပိတ်ပါသော ကွန်တိန်နာများဖြင့် သိမ်းဆည်းရန်နှင့် ယိုစိမ့်မှုမရှိသော သီးခြားနေရာတွင် ယာယီသိုလှောင်ရန်၊

(၈) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ရည်ညွှန်းစာများ ကပ်၍ စနစ်တကျသိုလှောင်ရန်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကုမ္ပဏီသို့ စနစ်တကျ လွှဲပြောင်းပေးရန်၊

(၉) လုပ်ငန်းခွင်သန့်ရှင်းရေးနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုပ်ငန်းခွင်ဝန်ထမ်းများအား အသိပညာပေးရန်။

(ဃ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်မှုစွန့်ပစ်ပစ္စည်းများကို ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအဖြစ် ခွဲခြားသတ်မှတ်ရန်၊

(၂) အိမ်သုံးစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ပစ္စည်း အစိုနှင့် အခြောက်ဟူ၍ ခွဲခြားသတ်မှတ်စွန့်ပစ်ရန်၊

(၃) အမှိုက်သယ်ယူသည့် ယာဉ်များကို ပုံမှန်သန့်ရှင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၄) အလုပ်သမားများအား အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်သည့် အသိပညာပေးသင်တန်းများ လုပ်ဆောင်ပေးရန်၊

(၅) စွန့်ပစ်ပစ္စည်းသိမ်းဆည်းရာနေရာများမှ စုဆောင်းရရှိသည့် ပစ္စည်းအမျိုးအစားနှင့် အရေအတွက်ကို မှတ်တမ်းယူရန်၊

(၆) စွန့်ပစ်ပစ္စည်းထွက်ရှိသည့် နေရာတွင်ပင် အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရန်အတွက် သီးခြားအမှိုက်ပုံးများကို ပံ့ပိုးပေးရန်၊

(၇) စွန့်ပစ်ပစ္စည်းများကို သယ်ယူစဉ်အတွင်း ဖိတ်စင်မှုမရှိအောင် ဆောင်ရွက်ရန်၊

(၈) စွန့်ပစ်ထားသော ဓာတုပစ္စည်းများ၊ အသုံးပြုထားသောဆီများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများမှ စွန့်ပစ်ထားသောပစ္စည်းများနှင့် ရေဆိုးသန့်စင်စက်ရုံမှ ထွက်ရှိသော အနည်အနှစ်များ (ဓါတ်ခွဲစမ်းသပ်မှု အဖြေပေါ် မူတည်၍) ကို သင့်လျော်သော ကွန်တိန်နာများတွင် သိုလှောင်ရန်၊

(၉) ယာယီသိုလှောင်ရန် အသုံးပြုသော ကွန်တိန်နာများကို ပစ္စည်းအမျိုးအစား အလိုက် ရည်ညွှန်းစာများ (မြန်မာနှင့် အင်္ဂလိပ်) ကပ်ထားရန်၊

(၁၀) လေဝင်လေထွက်ကောင်းသော နေရာအား ယာယီသိုလှောင်ရန်နေရာအဖြစ် သတ်မှတ်ရန်၊

(၁၁) ယာယီသိုလှောင်ရန်အသုံးပြုသောနေရာကို သန့်ရှင်း၍ စနစ်တကျ ထားရှိရန်၊

(၁၂) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအားလုံးကို လိုင်စင်ရ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကုမ္ပဏီသို့ သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့နယ်သန့်ရှင်းရေးဌာနသို့ ဆက်သွယ်စွန့်ပစ်ရန်၊

(၁၃) စွန့်ပစ်ပစ္စည်း သိုလှောင်နေရာ၏ ဝင်ပေါက်နှင့် ထွက်ပေါက်တွင် သင့်လျော်သော တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်း (PPEs) နှင့် ပတ်သက်၍ သတိပေးသော ဆိုင်းဘုတ်တပ်ဆင်ရန်။

(၄) **အနံ့စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ပါမည်-

(၁) ဆိုးရွားသောအနံ့ဆိုးများ ထွက်ရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို တားမြစ်ရန်၊

(၂) ဒေသခံပြည်သူများ အနံ့ဆိုးများနှင့် ထိတွေ့မှုနည်းပါးစေရန် အမှိုက်သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း ပြုလုပ်သောနေရာကို ဒေသခံပြည်သူများနှင့် လုံလောက်သော အကွာအဝေးရှိသည့် နေရာတွင် လုပ်ကိုင်ရန်၊

(၃) ယာယီသိုလှောင်ရာတွင် ပုပ်သိုးနေသော စွန့်ပစ်ပစ္စည်းများ၏ အနံ့ဆိုးများ ပျံ့လွင့်မှုနည်းပါးအောင် စီမံဆောင်ရွက်ရန်၊

(၄) သယ်ယူပို့ဆောင်ရာမှ ဖိတ်စင်ကျလာသော အညစ်အကြေးများကို အချိန်မီ သန့်ရှင်းဖယ်ရှားရန်။

(၃) **ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းနေရာပြင်ပရှိ သက်ဆိုင်ခြင်းမရှိသော အပင်များကို ကန့်ထရိုက်တာမှ ရှင်းလင်းဖယ်ရှားခြင်း မပြုလုပ်ရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းများကို သတ်မှတ်ထားသော လုပ်ငန်းခွင်များတွင်သာ ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုချက်မရှိဘဲ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုလုပ်ရန်နှင့်စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် အလုပ်သမားများအား အသိပညာပေးရန်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလ အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်းနှင့် အနီးတစ်ဝိုက်ရှိ လမ်းများ၊ ရေကန်များနှင့် အခြား နေရာလွတ်များတွင် ဒေသမျိုးရင်းပင်များ စိုက်ပျိုးရန်၊

(၂) စီမံကိန်းနေရာနှင့် သက်ဆိုင်ခြင်းမရှိသော အပင်များကို ရှင်းလင်းဖယ်ရှားခြင်း မပြုလုပ်ရန်။

(ဏ) **မြေယာရှုခင်း။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ပါမည်-

(၁) သစ်ပင်များစိုက်ခြင်း၊ ပေါင်းပင်များရှင်းလင်းခြင်းနှင့် ခြံစည်းရိုးများ ထားရှိခြင်း စသည့် စိမ်းလန်းရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) အဆောက်အဦတစ်ခုချင်းစီအတွက် ဒီဇိုင်းရေးဆွဲစဉ်အတွင်း နေထိုင်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် မြေယာရှုခင်းများအား မျက်စိပသာဒဖြစ်အောင် ထည့်သွင်းစဉ်းစားရေးဆွဲရန်။

(တ) **ကမ္ဘာကြီးပူနွေးလာမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) စွမ်းအင်သုံးဆွဲမှု သက်သာသော နည်းပညာနှင့် အစီအမံများကို အကောင် အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းပါးစေမည့် လုပ်ငန်းဆောင်ရွက်မှုများကို ရွေးချယ် ဆောင်ရွက်ရန်၊

(၃) ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုအား ထိန်းချုပ်ရန်၊

(၄) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လောင်စာ အရင်းအမြစ်များကို အသုံးပြုရန်၊

(၅) ကိုယ်ပိုင်ယာဉ် အသုံးပြုမှုအား လျှော့နိုင်ရန်နှင့် ဝန်ထမ်းများအား ဖယ်ရီကား များ စီစဉ်ပေးရန်။

(ထ) **လူမှုစီးပွားအခွင့်အလမ်းဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်း ကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု (CSR) လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(၂) အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ အချက်အလက်များ ဖြန့်ဝေရန်။

(ဒ) **လူမှုစီးပွားအခွင့်အလမ်းဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်း ကာလအတွက် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံများတွင် အလုပ်ရရှိရန်အတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေး အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ပေးရန်၊

(၂) သင်တန်းပေးရာတွင် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများကို ပထမဦးစားပေးအနေဖြင့် ထည့်သွင်းစဥ်းစားရန်နှင့် ဒေသခံလူထုအား ဒုတိယဦးစားပေးအဖြစ် ထည့်သွင်းစဥ်းစားရန်၊

(၃) စီမံကိန်းကြောင့် လူမှုစီးပွားထိခိုက်ခံစားရသူများကို ကားမောင်းခြင်း၊ အပ်ချုပ်ခြင်း၊ စက်ပြုပြင်ခြင်းစသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးရန်၊

(၄) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု (CSR) လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ အချက်အလက်များ ဖြန့်ဝေပေးရန်။

(ဓ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှု လျှော့ချရန်အတွက် ရေကို ပုံမှန်ဖျန်းပေးရန်၊ ယာဉ်မောင်းနှင်ရာတွင် အမြန်နှုန်းကန့်သတ်ချက်များ ချမှတ်ထားရန်နှင့် သင့်လျော်သော PPEs (မျက်နှာဖုံး) ကို ထောက်ပံ့ပေးရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှု လျှော့ချရန်အတွက် သင့်လျော်သော PPEs (Earplugs နှင့် Earmuffs) ကို ထောက်ပံ့ပေးရန်၊ ဆူညံမှုများသော ဆောင်ရွက်မှုကို အလှည့်ကျလုပ်ကိုင်ဆောင်ရွက်ရန်နှင့် ဆူညံသော စက်ယန္တရားများအနီးတွင် အသံအကာအကွယ်များ တပ်ဆင်ထားရန်၊

(၃) အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိမှု လျှော့ချရန်အတွက် အကာအကွယ်ပစ္စည်းကိရိယာများ (PPEs) အသုံးပြုရန်၊ လမ်းသွားလမ်းလာများအတွက် လျှောက်လမ်းကို သတ်မှတ်ရန်၊ အမြန်နှုန်းကန့်သတ်ချက်များကို သတ်မှတ်ရန်၊ လက်ရန်း၊ အတားအဆီးနှင့် ဆိုင်းဘုတ်များအား ထားရှိပေးရန်၊

(၄) အန္တရာယ်ရှိသော ပစ္စည်းများအားလုံးအတွက် မှန်ကန်ပြီး လုံလောက်သော သိုလှောင်မှုနှင့် ပစ္စည်းတစ်ခုချင်းစီအတွက် MSDS နှင့်အညီ လုံခြုံရေးဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရန်၊

(၅) ကူးစက်ရောဂါများအတွက် ကျန်းမာရေးစောင့်ကြည့်မှု၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် သတင်းပေးခြင်းများ၊ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်။

(န) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်ခွင် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခု၏ သက်ဆိုင်ရာအန္တရာယ်များနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းများ၊ ပညာပေးအစီအစဉ်များ၊ အသိပညာပေးရှင်းလင်းပွဲများ စသည်တို့ကို အလုပ်သမားများ အလွယ်တကူနားလည်နိုင်ပြီး လိုက်နာနိုင်သည့် ဘာသာစကားဖြင့် သင်တန်းပေးရန်၊

(၂) အလုပ်ခွင်ဘေးအန္တရာယ်နှင့်ကိုက်ညီသော သင့်လျော်သည့် PPEs (ဖိနပ်၊ ဦးထုပ်၊ မျက်နှာဖုံး၊ ကာကွယ်ရေးဝတ်စုံ၊ မျက်စိကာကွယ်ရေး၊ နားပိတ်၊ လက်အိတ်၊ ပိတ်စ၊ ရောင်ပြန်အင်္ကျီ၊ ဘွတ်ဖိနပ်ရှည် စသည်တို့ကို) ထောက်ပံ့ပေးရန်နှင့် လုံလောက်မှု ရှိ/ မရှိ ပုံမှန်စစ်ဆေးရန်၊

(၃) အလုပ်ခွင်တွင် ရောဂါပိုးမကူးစက်နိုင်အောင် ကာကွယ်ရန်နှင့် ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ဆောင်မှုများ (ဥပမာ အလုပ်မဝင်မီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း) ဆောင်ရွက်ပေးရန်၊

(၅) ဘေးအန္တရာယ်ရှိသော ပစ္စည်းများ၏ အချက်အလက်များကို (MSDS) နားလည်လွယ်ပြီး ဖတ်ရှုလွယ်သော ဘာသာစကားဖြင့် ရှင်းလင်းစွာ ဖော်ပြပေးရန်၊

(၆) ဘေးအန္တရာယ်ရှိသော ပစ္စည်းများဖြင့် ထိခိုက်မိသော မျက်နှာ၊ လက်များ စသည်တို့ကို အရေးပေါ် ဆေးကြောရန်အတွက် လုပ်ငန်းခွင်များတွင် ရေပိုက်ခေါင်းများ ထားရှိပေးရန်၊

(၇) အလုပ်သမားများအားလုံးအတွက် မီးသတ်သင်တန်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်လေ့ကျင့်မှုများကို ပြုလုပ်ရန်။

(ဂ) **အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှု လျှော့ချနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို စနစ်တကျစီမံ ဆောင်ရွက်ရန်၊ ယာဉ်များနှင့် စက်ပစ္စည်းကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လောင်စာအရင်းအမြစ်များကို အသုံးပြုရန်၊

(၂) စီမံကိန်းပတ်ဝန်းကျင်ရှိ ဒေသခံအိမ်များဆီသို့ ဖုန်မှုန့်များပျံ့လွင့်မှု လျှော့ချရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ရေဖျန်းရန်၊ အမြန်နှုန်းကန့်သတ်မောင်းနှင်ရန်နှင့် ကုန်ကြမ်းဖြစ်သော သဲ၊ မြေ စသည်တို့ကို ဖုံးအုပ်ထားရှိရန်၊

(၃) ယာယီရေနုတ်မြောင်းများနှင့် စွန့်ပစ်နေရာများ ထားရှိရန်၊

(၄) စီမံကိန်း နယ်နိမိတ်တစ်လျှောက် ဆူညံသံကာကွယ်လျှော့ချသော အကာအရံများတပ်ဆင်ရန်၊

(၅) ညဘက် ဆောက်လုပ်ရေး အလုပ်များတွင် ဆူညံသံဖြစ်ပေါ်စေသော လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ရန်၊

(၆) အန္တရာယ်ရှိသော အမှိုက်များ မြေထဲသို့ စိမ့်ဝင်ခြင်းမှ ကာကွယ်ရန်၊

(၇) လမ်းသွားလမ်းလာများအတွက် ဘေးကင်းလုံခြုံသော လမ်းကြောင်းများ စီစဉ်ပေးရန်၊

(၈) အများပြည်သူနှင့်နီးစပ်သော အလုပ်နေရာများတွင် အတားအဆီးများ၊ ဘေးကင်းလုံခြုံရေး တိပ်များ၊ သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားရန်။

(ဖ) **အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သစ်ပင်စိုက်ခြင်း၊ စိမ်းလန်းစိုပြေသော နေရာများတည်ဆောက်ခြင်း၊ လေထုအရည်အသွေး ကောင်းမွန်အောင် နေထိုင်ရန်နှင့် အလုပ်လုပ်ရန် အဆင်ပြေသော ပတ်ဝန်းကျင်ကို ဖန်တီးရန်၊

(၂) စီမံကိန်းတည်ထောင်သူနှင့် ငှားရမ်းလုပ်ကိုင်သူများအား လေထု၊ ရေထု၊ ဆူညံသံ၊ မြေဆီလွှာညစ်ညမ်းမှုနှင့် စပ်လျဉ်းသည့် စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများအားလုံးကို လိုက်နာစေရန်၊

(၃) ဒေသခံများအပေါ် ထိခိုက်မှုမရှိစေရန် လုပ်ငန်းစဉ်များမှ ဖြစ်ပေါ်လာနိုင်သည့် ညစ်ညမ်းမှုအားလုံးကို ကောင်းစွာ ထိန်းချုပ်လျှော့ပါးစေရန်၊

(၄) သက်ဆိုင်သူများအကြား ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း အလေ့အကျင့်ကို ဖော်ဆောင်ထားရန်၊

(၅) ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊

(၆) စီမံကိန်း၏ လုံခြုံရေးဝန်ထမ်းများအကြား ပြဿနာမဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ရန်။

(ဗ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော အရာများ ပိတ်ဆို့ခြင်းမဖြစ်အောင် ဆောင်ရွက်ရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်၊

(၂) ရေကြီးရေလျှံမှုတုံ့ပြန်ရေးအစီအစဉ်ကို ပြင်ဆင်ဆောင်ရွက်ရန်နှင့် အလုပ်သမားများအား သင်တန်းပေးရန်၊

(၃) ရေကြီးမှုဖြစ်ပွားပါက ကယ်ဆယ်ရေးအတွက် အရေးပေါ်ပစ္စည်းကိရိယာများ ပံ့ပိုးပေးရန်၊

(၄) လျှောင်အန္တရာယ် ကာကွယ်ရန်အတွက် အဆောက်အအုံများအား လိုအပ်သော ဆောက်လုပ်ရေး စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်၊

(၅) အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးပစ္စည်းများအား အသုံးပြုရန်၊

(၆) လျှောင်တုံ့ပြန်မှုအစီအစဉ်ကို ပြင်ဆင်ဆောင်ရွက်ရန်နှင့် အလုပ်သမားများအား သင်တန်းပေးရန်၊

(၇) လျှောင်ဒဏ်ခံနိုင်သောအဆောက်အအုံဒီဇိုင်း၊ လျှောင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုရန်နှင့် ကောင်းမွန်သော ဆောက်လုပ်ရေးနည်းလမ်းများကို အသုံးပြုရန်။

(ဘ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော အမှိုက်နှင့် အညစ်အကြေးများ ပိတ်ဆို့ခြင်းမဖြစ်အောင် ဆောင်ရွက်ရန်၊ လုံလောက်သော ရေစုပ်ယူရေးစနစ် ထားရှိရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) ရေကြီးရေလျှံမှုတုံ့ပြန်ရေးအစီအစဉ်ကို ပြင်ဆင်ဆောင်ရွက်ရန်၊

(၃) ရေထိန်းကန်ကို လုံလောက်သောအရည်အသွေးဖြင့် တည်ဆောက်ရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၄) လျှောင်ကာကွယ်ရေးအစီအစဉ်ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရန်၊

(၅) အရေးပေါ်ထွက်ပေါက်များ၊ စုဝေးရာနေရာများနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ အပါအဝင် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) မုန်တိုင်းနှင့် ရေကြီးမှုများအတွက် မုန်တိုင်းကာကွယ်ရေးနေရာများ ရှာဖွေပြင်ဆင်ထားရန်၊

(၇) ရပ်ရွာ၊ ဒေသခံများနှင့် ဝန်ထမ်းများကို အရေးပေါ်တုံ့ပြန်မှု အစီအစဉ်များနှင့် ပတ်သက်၍ အသိပညာပေးသင်တန်းများ ဆောင်ရွက်ပေးရန်။

(မ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်လေထုအရည်အသွေးအတွက် $NO_2$, $SO_2$, CO, $PM_{2.5}$ နှင့် $PM_{10}$ စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) ရေအရည်အသွေးနှင့်ပတ်သက်၍ pH, Water Temperature, Dissolved Oxygen, Oxidation-Reduction Potential, Conductivity, Turbidity, Total Dissolved Solids, Salinity, Specific Gravity, Suspended Solids, Biochemical Oxygen Demand, Chemical Oxygen Demand, Total Coliform, Oil and Grease, Total Nitrogen, Total Phosphorus, Ammonia, Fluoride, Mercury, Arsenic, Cadmium, Selenium, Lead, Chromium(hexavalent), Boron, Cyanide, Total Chlorine, Sulphide, Zinc, Chromium, Copper, Nickel, Silver, Iron, Phenols စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စီးဆင်းရေနှင့် ရေဆိုးစွန့်ထုတ်မှုအရည်အသွေး Biochemical Oxygen Demand, Chemical Oxygen Demand, Oil and Grease, pH, Total Coliform bacteria, Total Nitrogen, Total Phosphorus, Total Suspended Solids စသည့် Parameter များအား နောက်ဆုံးစွန့်ထုတ်မည့် နေရာတွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ စွန့်ပစ်ပစ္စည်း အမှိုက်ပမာဏ၊ အမျိုးအစား၊ သိုလှောင်မှု အခြေအနေ၊ အန္တရာယ်ရှိသောအမှိုက်များ စွန့်ပစ်သည့်နည်းလမ်းများ စသည်တို့ကို (၁) လလျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၅) ဆူညံသံနှင့်ပတ်သက်၍ စီမံကိန်းတည်နေရာနှင့် ထိခိုက်သက်ရောက်မှုကို အလွယ်တကူခံစားရသော နေရာများတွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၆) အနံ့နှင့်ပတ်သက်၍ (၁) လလျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၇) ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်၍ ဖန်လုံအိတ်ဓာတ်ငွေ့ထွက်ရှိမှုအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၈) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ် ကြည့်ရှုရန်။

(ယ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ရ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေပေါ်မူတည်၍လည်းကောင်း၊ ဒေသခံများ၏ တောင်းဆိုချက်အပေါ် မူတည်၍ လည်းကောင်း၊ လိုအပ်သလိုစီစဉ်ဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(လ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ထိခိုက်နိုင်မှုများအပေါ် လျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်အတွက် ရေဆိုးသန့်စင်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ သိမ်းဆည်း စွန့်ပစ်ခြင်းအပါအဝင် (သိန်း ၁၀၀)ကို လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် (သိန်း ၇၀) ကို လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် (သိန်း ၅၀) ကို လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် (သိန်း ၃၀) ကို လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လုပ်ငန်းပိတ်သိမ်းခြင်း ဆောင်ရွက်ရန်အတွက် (သိန်း ၅၀) ကို လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဝ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

( က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်း

နှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေး အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင် သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြား လာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်း သည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေ များအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ် ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင် ရေးအမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက် ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ် ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက် ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ်တည်ဆောက်ခြင်းအားဖြင့်ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(ဂ) **ပလတ်စတစ်စီမံခန့်ခွဲမှုဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပလတ်စတစ်စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်းတစ်ခါသုံး ပလတ်စတစ်များ အသုံးပြုမှုကို တားမြစ်ပိတ်ပင်ခြင်း၊ သိသိသာသာ လျှော့ချသုံးစွဲစေခြင်း၊

(၂) တစ်ခါသုံး ပလတ်စတစ်နှင့် ၎င်း၏ ထိခိုက်စေမှုများအား အလုပ်သမားများသို့ အသိပညာပေးခြင်း။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်းတည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်

ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက်စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်း စောင့်ရှောက်ရန်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး

ပြည်ထောင်စု ဝန်ကြီးရုံး

တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၃) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှု များအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသော ရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက် ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့်အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့်ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင်စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်

များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြား စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်

အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အစီအမံဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---------------------------------------------------------